AROMA
ဝိညာဉ်ရေးစာစောင်

Calvary Burmese Church, 755, 8th Street, NW Washington DC 20001, Tel; (202) 347-8355,   www.geocities.com/aromadc;   www.cbc-dc.com

December 2008 အတွဲ ၅၊ အမှတ် ၁၂။   ကရာနီမြန်မာအသင်းတော်(ဝါရှင်တန်ဒီစီ)ဝေငလိနှင့်သာသနာပြုဌါနမှထုတ်ဝေသည်။

**ခရစ်တော်သည်ငါတို့ကိုချစ်တော်မူသောအားဖြင့်၊   ဘုရားသခင့်ရှေ့တော်၌မွှေးကြိုင်သောအနံ့ရှိစေခြင်းငှါ၊ကိုယ်ကိုကိုယ်ဆက်ကပ်၍ယဇ်ပူဇော်လျက်၊   ငါတို့အတွက်စွန့်တော်မူသည်နည်းတူ၊ သင်တို့သည်မေတ္တာတရား၌ကျင်လည်ကြလော့။   (ဧဖက်   ၅း၂)**

## ယခုလဖတ်စရာ


– ဘုရားသခင်ထံမှမေတ္တာမွန်
– ကြွယ်ဝသောအသက်တာ
– ကျွန်ုပ်၏အသက်တာ
– ဇကွဲရဲ့ကဗျာ


## ဝိညာဉ်ရေးအကြံပေး

သိက္ခာတော်ရဆရာစောလယ်ထူး

## အယ်ဒီတာအဖွဲ့

ဦးကမ်  **(ထုတ်ဝေရေး)**
ukamaroma@gmail.com
သောင်းနိုး  **(ကွန်ပြူတာစာတည်း)**
thawngnoaroma@gmail.com

## ကွန်ပြူတာစာစီ

မတိုး

---

စာမူပေးပို့လိုသူများအောက်ပါလိပ်စာသို့ပေးပို့နိုင်ပါသည်။

3401 Sudlersville South
Laurel, MD 20724
Tel: 301-776-6820

# ဘုရားသခင်ထံမှမေတ္တာလက်ဆောင်

*(ဒေါက်တာတင်မောင်ထွန်း)*

သခင်ခရစ်တော်၏မွေးနေ့တော်သည်ကမ္ဘာ့သမိုင်းတွင်ရှိခဲ့သောဖြစ်ရပ်တစ်ခု ဖြစ်ပါသည်။ 'တော်'ဟူသောဝေါဟာရကို သတိပြုမိမည်ဆိုပါက ဖွားမြင်ခြင်းခံတော်မူသောပုဂ္ဂိုလ်သည် ဘုရားရှင်ဖြစ်ကြောင်းသိရှိနိုင်ပါသည်။ လောကတွင် လူတို့သည်တစ်ဦးနှင့် တစ်ဦးခြားနားမှုအမျိုးမျိုးရှိကြပါသည်။ ညီအစ်ကိုရင်း ဖြစ်လင့်ကစားပညာကွာခြားကြသည်။ စွမ်းရည် ကွာခြားကြသည်မွေးရာပါဗီဇသဘာဝ ကွာခြားကြသလိုဝီရိယနှင့်ကြိုးစားမှုကြောင့် ခံစားရသောရလဒ်သည်လည်း ကွာခြားကြသည်။ ထိုနည်းတူ ဘုရားရှင်၏သားသမီးများအနေဖြင့်လည်းခံစားရသောကျေးဇူးမင်္ဂလာမှာမကွာခြားကြသော်လည်းကောင်း ချီးမင်္ဂလာခံစားရမှုကားခြားနားကြပါသည်။ ဤသို့ခြားနားရခြင်းမှာ ခရစ္စမတ်၏သစ္စာတရားကြောင့်ဖြစ်သည်။

### တစ်ဆင့်နောက်တစ်ဆင့်

(ကမ္ဘာ ၁၂) တွင်အာဗြံအမည်ရှိလူတစ်ဦးကိုတွေ့ရသည်။ သူသည်လူသားထဲမှလူသားတစ်ဦးဖြစ်ပါသည်။ အစကနဦးတွင်ဘုရားသခင်က သူ့အားအမည်နာမနှင့်ခေါ်၍နှုတ်ဆက်ပြီး စကားပြောပါသည်။ ထိုနောက်တွင် အာဗြံသည်

**နှုတ်ကပတ်တော်ကို ဖွင့်ပြပေးသောသင်းအုပ်တို့သည်**
**ဘုရားကိုသိသူတို့ထံမှ အားပေးစကားကို လိုအပ်ပေသည်**

ထာဝရဘုရားအတွက် ယဇ်ပုလ္လင် ကို တည်လျှက် ကိုးကွယ်ခြင်း ပြုပါသည်။ နောက်ပိုင်းတွင်'အာဗြဟံ' ဟူသောအမည်သစ်ကို ဘုရားရှင်ထံမှခံရပါသည်။ အာဗြဟံသည် မိမိဖွားသောသား ဣဇက်အား ဘုရားသခင် အကြောင်းတစ်ဆင့် ပြန်၍ အသိပေးပြောပြသဖြင့်ဣဇက်သည် ဘုရားရှင်ကို သိရှိကိုးကွယ်ခဲ့ပါသည်။ ဣဇက်မှတစ်ဆင့် ယာကုပ်နှင့် ဧသောတို့သည် ဘုရားရှင်ကို သိရှိခွင့်ရခဲ့ပါသည်။ ဤကဲ့သို့ တစ်ဆင့်နောက်တစ်ဆင့်ကြား ခဲ့သော ဘုရားရှင်၏ဧဝံဂေလိတရားစကားသည်မြန်မာပြည်သို့ ရောက်ရှိလာခဲ့သည်ဖြစ်၍ ယနေ့ကျွန်ုပ်တို့သည် ထိုတရားစကားကိုကြား၍ မြည်းစမ်းပြီးနောက်သက်သေရကြသဖြင့် ကိုယ်တော်ကိုသိရှိယုံကြည်ခွင့်ရခဲ့ပါသည်။

## တရားနှင့်ဘုရား

ဤလောကထဲတွင် တရားကိုအခြေထား၍ အမှီပြုအသက်ရှင်နေကြသူများရှိသလို၊ အသက်ရှင်သောဘုရားနှင့် ပုဂ္ဂိုလ်ချင်းထိတွေ့ပြီးအသက်ရှင်နေသည့်သူများလဲ ရှိနေပါသည်။ တရားကိုအခြေထား၍ အမှီပြုသူသည် စိတ်နှလုံးငြိမ်သက်အေးချမ်းမှုမရှိပါ။ တရားကအသိပေးဖော်ပြ၍ ကံသုံးပါးဖြင့်မှားခဲ့မိသော ဒုစရိုက်များ၏ဖိစီးမှုကြောင့် ထိုသူအတွက်တမလွန်၌ ဘဝအာမခံချက် မရှိပေ။ မကောင်းသော ဒုစရိုက်အကျိုးကြောင့် အပါယ်လားရမည် ဟု ယနေ့အတွင်းစိတ်က အသိပေးသဖြင့် တမလွန်အရေးမျှော်တွေးလေတိုင်း ရတက်မအေးနိုင်အောင် ဖြစ်ရသည်။ ဘုရားနှင့်ပုဂ္ဂိုလ်ချင်းထိတွေ့ သိရှိရသူမှာ တရားသာသိသူကဲ့သို့မဟုတ်ဘဲ ဘုရား၏သက်သေကို မြင်တွေ့ခံစားပြီးမှ ကတိတော် အပေါ် ယုံကြည်အမှီပြုသောကြောင့် မနောဝိညာဉ်၏ ငြိမ်သက်ချမ်းသာမှုနှင့် တမလွန်ကိုရင်ဆိုင်ရန် အသင့်ရှိသူဖြစ်သည်။

ယာကုတ်သည် ပထမပိုင်းတွင်အဘဣဇက်ထံမှ ဘုရားသခင်၏အကြောင်း ကြားသိရပြီးအသိနှင့် ရှင်သန်နေသူဖြစ်သည်။ သို့သော် ယာကုပ်သည် ဘုရားရှင်ကိုအလေးထားအာရုံပြုသူဖြစ်သဖြင့်ခရီးသွား၍ လမ်း၌ နားနေအိပ်စက်ချိန်တွင်ဘုရားရှင်က အိမ်မက် ရူပါရုံဖြင့် အတွေ့ခံခဲ့ပါသည်။ ထို့အတူ ကျွန်ုပ်တို့တစ်ဦးစီသည်လည်း အသက်ရှင်တော်မူသော ဘုရားရှင်၏ တရားစကားကို ကြားသိရသော အခါလက်တွေ့သက်သေရဖို့ရန် ဘုရားရှင်အားခေါ်ကြည့်ပါ။ မြည်းစမ်းကြည့်ပါ။ သို့ပြုပါက တရားစကားသက်သေကိုသာ ကြား၍ ယုံကြည်သူမဟုတ်တော့ဘဲ နှုတ်ကပတ်တော်ကို ယုံကြည်စေအံ့သော ငှာဘုရားရှင်ထံမှ သက်သေထူ အတည်ပြုမှုကိုယာကုပ်ကဲ့သို့ ခံစားရမည်ဖြစ်သည်။

## ဓမ္မအာဟာရ

လူသည်ဝင့်ကြွေးဝင့်ကံပိ၍ ထာဝရဘုရားနှင့် ဝိညာဉ်သဟာယ ပြတ်တောက်နေသဖြင့် ကျွန်ုပ်တို့အားအပြစ်သားဘဝမှလွတ်ငြိမ်းချမ်းသာခွင့်ရစိမ့်သောငှာ ဘုရားစင်စစ်ဖြစ်လျက်နှင့်ခရစ်တော်သည် အပျိုကညာ၏ဝမ်းတွင်ပဋိသန္ဓေယူ၍ဖွားမြင်ခြင်းကိုခံတော်မူခဲ့ပါသည်။ ထိုအရှင်သည် တရားသက်သက်ကိုသာပေးသော အရှင်မဟုတ်ပေ။ အပြစ်ကြောင့်ဘုရားရှင် နှင့်ဝိညာဉ်သဟာယပြတ်တောက်နေသောလူသားများအတွက် ဓမ္မအာဟာရပြည့်စေရန် ကြွလာသော အရှင်ဖြစ်ပေသည်။ ထိုအရှင် ကြွလာသောသတင်းကိုဟောရှဒ်မင်း နှင့်ယုဒပြည်သူပြည်သားအပေါင်းတို့ ကြားသိကြပါသော်လည်း ကိုယ်တော်ကိုယုံကြည်လက်ခံခြင်းမရှိကြပါ။ ထိုနည်းတူ ယနေ့ လူမြောက်များစွာတို့သည် နှုတ်ကပတ်တော်စကားအား ကြားသိကြရသော်လည်း ကိုယ်တော်ကို ယုံကြည်ခြင်း မရှိကြပါ။ ထို့ထက်သာ၍ဝမ်းနည်းစရာကောင်းသည်မှာ ခရစ်ယာန်

အများစုသည်ကိုယ်တော် အကြောင်းကိုသာသိရှိကြပြီး၊ ခရစ္စမတ်ပွဲကို အကြိမ်ကြိမ် ဆင်နွှဲခဲ့ကြသော်လည်း သူတို့အသက်တာ၌ ခရစ်တော် နှင့်အတူမပါရှိခြင်းပေတည်း။ သို့ဖြစ်၍ မေတ္တာနှင့်သတိပေးလိုသည်မှာ ကျွန်ုပ်တို့သည်တရားစကားကို ကြား၍ မထီမဲ့မြင်ပြုကာ ငြင်းပယ်သောသူများ မဖြစ်ကြဘဲ၊ နှုတ်ကပတ်တော်စကားမှန်ကြောင်း သက်သေရဖို့ ကိုယ်တော့်အားမြည်းစမ်းမည်ဆိုပါကနှလုံးသားကိုသိတော်မူသောအရှင်သည် လက်တွေ့သက်သေကိုခံစားစေမည် ဖြစ်ပါသည်။

## အသက်မုန့်

ယေရှုက မိမိသည် အသက်မုန့်ဖြစ်ကြောင်း၊ မိမိထံသို့လာသောသူသည် နောက်တစ်ဖန် အဆာအမွတ်မခံရကြောင်း မိန့်တော်မူပါသည် (ယော ၆း၃၃-၃၅)။ မည်သည့်မွတ်သိပ်ခြင်းကို ပြောပါသနည်း? သေပြီးသည့်နောက်မည်သည့်နေရာကို ရောက်မည် မသိသော ပူပန်သောကစိတ်ဖြင့် အသက်ရှင်နေသောမွတ်သိပ်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။

ထိုသို့သောအသက်တာ၌ အသက်ရှင်နေသောသူသည် ကောင်းကင်မှဆင်းသက်သော အသက်မုန့်တည်းဟူသော ခရစ်တော်ကို အသက်တာ၌ လက်ခံရမည်ဆိုပါက အတွင်းစိတ်ဝိညာဉ်ငြိမ်သက်မှုကို ခံစားရကာ သေပြီးနောက် ဘယ်ဘဝရောက်မည်ကို မသိသော စိုးရိမ်စိတ်(ဝါ) တမလွန်အတွက် စိုးရိမ်ပူပန်သော မွတ်သိပ်မှုပြေပျောက်သွားမည်ဖြစ်ပါသည်။ ယေရှုက 'ငါ့ထံသို့လာသောသူကို ငါသည်အလျင်းမပယ်' ဟုကတိတော်ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ဘက်က လုပ်ဆောင်ရန်ရှိသည်မှာ မေတ္တာနှင့်ခေါ်ဖိတ်နေသော ကိုယ်တော့်ထံသို့သွားကြဖို့သာဖြစ်ပါသည်။

## မေတ္တာလက်ဆောင်

ယနေ့လူသားများ ခံစားရန်အတွက် ဘုရားသခင်ပြင်ဆင်ပေးသည့် ခရစ္စမတ်လက်ဆောင်သည် အပိုင်း(၂)ပိုင်းရှိပါသည်။ ပထမပိုင်းမှာ အပြစ်ကြောင့် ကွဲကွာနေသောလူသားများသည် သခင်ခရစ်တော်အားဖြင့် ဘုရားရှင်နှင့်ပြန်လည်ဆက်သွယ်ပေါင်းသင်း၍ မိတ်သဟာယဖွဲ့နိုင်ရန်ဖြစ်သည်။ ဤအပိုင်းကဏ္ဍကိုခံစားဖို့ လူဘက်က ကြိုးစားလုပ်ဆောင်စရာ မလိုပါ။ ဘုရားရှင်ကိုယ်တော်တိုင်က မေတ္တာနှင့်လုပ်ဆောင်ပေးသောအရာဖြစ်ပြီးထိုလက်ဆောင်ကိုကျွန်ုပ်တို့ကယုံကြည်ခြင်းဖြင့် လက်ခံယူဖို့သာ ဖြစ်ပါသည်။

ဘုရားရှင်ထံတော်မှ မေတ္တာလက်ဆောင်ကိုရရှိပြီးဖြစ်လျှင် တမလွန်အရေးပူစရာမလိုတော့ပါ။ အပါယ်ငရဲမှလွတ်၍ ထာဝရကာလအာမခံချက်ကို ရရှိပြီးဖြစ်သောကြောင့် ဒုတိယပိုင်းအဖြစ် ဘုရားစကားနားထောင်လိုက်လျှောက်ခြင်းဖြင့် ကောင်းချီးမင်္ဂလာ ခံစားနိုင်ဖို့ရန်ဖြစ်သည်။

သို့ဖြစ်၍ ယနေ့ဖတ်ရှုခွင့်ရသောဒေသနာကိုဆင်ခြင်၍ ဘုရားရှင်ထံမှမေတ္တာလက်ဆောင်ကို မခံစားရသေးပါက ယခုပင်ကိုယ်တော်ကိုကယ်တင်ရှင်အဖြစ် လက်ခံခြင်းအားဖြင့် ဘုရားရှင်ပေးသော မေတ္တာလက်ဆောင်ကို လက်ခံရယူဖို့ဖြစ်သလို၊ လက်ဆောင်ရရှိခံစားပြီး သူများအနေနှင့်လည်းနေ့စဉ်အသက်တာ၌ ကိုယ်တော်၏ စကားတော်ကို နာခံအသက်ရှင်ခြင်းအားဖြင့် ကြွယ်ဝသောကောင်းချီးမင်္ဂလာခံစားရရှိသူများ ဖြစ်ကြမည့်အကြောင်း မေတ္တာနှင့်သတိပေး ဝေလိုက်ရပါသည်။



# ကြွယ်ဝသောအသက်တာ

**'အစဦး' ကဘာလဲဟုမေးလျှင် (sky) သို့သာလက်ညှိုးထိုးပြီး 'ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတာပေါ့' ဆိုသည့်နေရာကပဲစ၍ 'တာထွက်' လေ့ရှိကြ၏။**

---

အခန်း (၁၅)

မိုးကောင်းကင်သုံးခု

ထာဝရဘုရားရှိရာအရပ် (သို့) နေရာ ရပ်ဝန်းကိုသမ္မာကျမ်းစာအရ 'တတိယ ကောင်းကင်' ဟုခေါ်၏ (၂ကော ၁၂း၂-၄)။ ကျွန်ုပ်တို့ရှိရာ မြေပြင်မှအထက်သို့စ၍ ရေတွက်မည် ဆိုလျှင်သုံးဆင့်မြောက်သောအကွာ အဝေးနေရာတစ်ခု ဟုအကြမ်း မျဉ်းမှတ် သားပါလေ။ ဒုတိယကောင်းကင်' ဆိုသည်ကကျွန်ုပ်တို့ခေါင်းမော့ကြည့်၍တွေ့မြင်နိုင်သော (sky) ဟုခေါ်သောကျွန်ုပ်တို့၏ မိုးကောင်းကင်နှင့် ထာဝရဘုရား ရှိရာရပ်ဝန်းတတိယကောင်းတင်အကြားရှိ လွတ်လပ်လဟာဖြစ်နေသောအာကာသ ဟင်းလင်းပြင်နေရာဋ္ဌာန အတည်တကျမရှိသော ဂျစ်ပစီတန်ခိုးရှင်အသေးစားလေးများ နေထိုင်ကျက်စားကြ၏။ ထိုကာလတစ်ခု၌ ကောင်းကင် နှစ်ခုသာရှိသေးသည်ဟု ဆိုရမည်။ (sky) ဟု ခေါ်သော ကျွန်ုပ်တို့ ၏မိုးကောင်းကင်တစ်ခုဖြစ် တည်မ လာသေးသောကြောင့်ဖြစ်၏။ (ဘုရားသခင်မဖန်ဆင်းသေးပါ)

'တတိယကောင်းကင်' အရပ်၌ ထာဝရဘုရားနှင့်သူ၏ ဗိုလ်ခြေအများ နေထိုင်ပြီး ဒုတိယကောင်းကင်' အရပ်၌ စာတန်နှင့် ကျဆုံးသွားသောကောင်းကင် သတ္တဝါများရှိကြ၏။ 'သင်တို့သည် အထက်ကလောကီတရားသို့လိုက်၍ အာကာသကောင်းကင်၏ တန်ခိုးကိုအစိုးရသောမင်းတည်းဟူသော ငြင်းဆန်သောသူတို့၌ ပြုပြင်သော 'ဝိညာဉ်' ၏အလိုနှင့်အညီ ...' (ဧဖက် ၂း၁-၂) ။ ထိုဟင်းလင်းပြင်ဇရိယာကြီးအတွင်း၌ ဘုရားသခင်ဖန်ဆင်းထားသည့် အခြားသောလက်ရာကောင်းကင်တန်ဆာများစွာလည်းရှိနိုင်ပါ၏။

' မိုးကောင်းကင်နှင့် မိုးကောင်းကင်တန်ဆာအပေါင်းကိုငါခန့်ထားပြီ ' (ဟေရှာယ ၄း၅-၁၂)။

ထိုအချိန်၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူ၏ ဆိုသည့် (က ၁း၁) ကိုစာဖွဲ့ရန် အကြောင်းမရှိသေး၊ မဖြစ်ပေါ်သေး၊ ထို့ကြောင့်ကျွန်တော်တို့လူအများ မော့မော့ကြည့်၍ လက်ညှိုးထိုးပြနေသော (sky) ဟုခေါ်သောကျွန်ုပ်တို့၏ 'ပထမမိုးကောင်းကင်' မရှိသေးပါ။ ကောင်းကင်နှင့်မြေကြီးဟုခေါ်သော 'ကမ္ဘာလုံး' မရှိသေးသောကြောင့်၊ ထိုအထဲ၌ထည့်သွင်းတည်ဆောက်မည့် 'ဧဒင်ဥယျာဉ်' လည်း မရှိသေးပါ။ ဧဒင်ဥယျာဉ် မရှိသေးသောကြောင့် ....ထိုဥယျာဉ်ထဲ၌ နေရာချ၍ဖန်ဆင်းမည့်လူသတ္တဝါ(အာဒံ နှင့်ဧဝ) မရှိသေးပါ။ ထိုကာလ၌ .....'စာတန်' ရှိ၏။ 'စာတန်' နှင့်အတူ 'အပြစ်တရား' ရှိ၏။ 'အပြစ်' နှင့်အတူ'စီရင်ခြင်း' ခံရသည့်အကြောင်း ရှိ၏။ 'စီရင်ခြင်း' နှင့်အတူ 'ငရဲ' ရှိ၏။

ထိုအရာအားလုံး တို့သည်ဝိညာဉ် လောက သားများဖြစ်သော 'စာတန်' နှင့် ကျရှုံးသွားသောကောင်းကင်တမန်တို့ အတွက်သာရည်ရွယ်ကြစည်၍ ဘုရားသ

ခင်ထုတ်ဖော် ဖန်ဆင်းယူလိုက်ရသော အခြားသော ဖန်ဆင်းခြင်းလက်ရာတော်များအနက်တစ်စိတ်တစ်ဒေသဖြစ်၏။ ယနေ့ကျွန်ုပ်တို့၏ကမ္ဘာနှင့် သက်ရှိလောကကိုမဖန်ဆင်းမီ (အနန္တကာလ – space time) တစ်ခုအတွင်း၌ အရာခပ်သိမ်းတို့သည် သူ့အကြောင်းနှင့်သူ၊ သူ့အဖြစ်အပျက်နှင့်သူ၊ ဘုရားသခင်၏ သဘောတော် အကြံအစည်တော်များနှင့်အတူ ဖြစ်လျက်ပျက်လျက်ရှိနှင့်ခဲ့ကြပြီးဖြစ်၏။

ထိုစဉ်ကအတိုင်းမသိ စကြဝဠာကြီးအတွင်းတွင် 'ထာဝရဘုရား' နှင့် 'စာတန်' ဆိုသည့်၊ အလင်းတန်ခိုးနှင့် မှောင်မိုက်တန်ခိုး နှစ်မျိုးသာရှိ၏။ ယနေ့ကမ္ဘာလောက၌ ခေတ်စားနေသောထာဝရဘုရားမှအပ ဖြစ်သောဘာသာတရားများ၊ အဆူဆူပွင့်သော တန်ခိုးရှင်များလဲ မရှိကြသေးပါ။

အဘယ်ကြောင့်ဆိုသော် ဟင်းလင်းပြင်ကြီးအတွင်း၌သူတို့ ရပ်တည်စရာနေရာ (place) မရှိသေး။ ဘုရားသခင် မဖန်ဆင်းရသေးသောကြောင့်ဖြစ်၏။ ရုပ်ဒြပ်အကောင်အထည်နှင့် 'ဖြစ်တည်' လာခွင့်မရကြသေး။ တိရစ္ဆာန်များ ဖြစ်ရန်၊ လူများဖြစ်ရန်၊ ဘုရားများဖြစ်ရန် စောင့်နေကြဆဲဖြစ်လိမ့်မည်ထင်၏။ ထို 'အရာ' အားလုံးတို့သည်ဖန်ဆင်း ခြင်းမှ အပ ဖြစ်တည်လာနိုင်စရာအကြောင်းမရှိ။ ဤသည်မှာကျွန်တော်တို့ 'ဖြစ်ရှိ' မလာမီက 'ဖြစ်တည်' နေနှင့်ပြီးသော ထာဝရဘုရားနှင့်သူ၏ အခြားသောဖန်ဆင်းခြင်းလက်ရာများစွာတို့၏ (အကြောင်းတရားနှင့် အကျိုးတရား) ၏သမိုင်း အကျဉ်းချုပ်ဖြစ်၏။

ယုံကြည်သူတိုင်းဤအဖြစ် အပျက်ကိုသိထားသင့်၏။ ဤသို့မဟုတ်က 'အစဦး' ကဘာလဲဟုမေးလျှင် (sky) သို့သာလက်ညှိုးထိုးပြီး 'ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတာပေါ့' ဆိုသည့်နေရာကပဲစ၍ 'တာထွက်' လေ့ရှိကြ၏။ သေခြင်းတရားအကြောင်းပြောလျှင်လည်း 'အာဒံက လူမိန်းမပေးလိုက်တဲ့ ပန်းသီးစားမိလို့ သေခြင်းတရားပေါ်လာတာ' ဆိုသည့် နေရာကပင်စ၍သိကြသည်ကများ၏။ ဆန်းဒေးစကူး ခလေးဘဝမှ လူအိုရုံ ရောက်ခရစ်ယာန်အဖိုးကြီးအဖွားကြီးများဖြစ်သည်အထိပေါ့။ ဒီလိုမျိုးကိုယ့်အသိက ပြည့်စုံမှုမရှိတဲ့အခါမှာ ဘုရားသခင်ကိုယုံကြည်ကိုးကွယ်ရသည်မှာ 'အရသာ' သိပ်မရှိ၍ (ဒွိဟသံသယများ၊ ချွင်းချက်များနှင့်မဟုတ်ပါလား) ။

စာတန်ကသူ့ကိုပုန်ကန်မယ်ဆိုတာ အစကတည်းကမသိဘူးလား။ လူကို မစားစေချင်ရင် ဒီအသီးကို ဧဒင် ဥယျာဉ်ထဲ အစထဲကထည့်မထားနဲ့ပေါ့။ ငါသာဘုရားဆိုထည့်မထားပါဘူး။ ....စသည့်မေးခွန်းများကို အများဆုံး မေးလေ့ ပြောလေ့ရှိကြ သည်မှာခရစ်ယာန်ဘာသာ ဝင်များချည်းသာ ဖြစ်နေခြင်းကြောင့်ပင်။ ဘာသာခြားက ထိုသို့ မမေးပါ မပြောပါ၊ စိတ်မဝင်စားပါ။ အဘယ်ကြောင့်ဆိုသော် သူတို့၌ (ဖန်ဆင်းခြင်းမရှိ၊ ထာဝရဘုရားမရှိ နာမ်ဝိညာဉ်မရှိ) ဟု ယတိဖြတ်ခံယူထားသောကြောင့် မည်သည့် သံသယမျိုးမှမရှိပါ ခရစ်ယာန်တို့ကသာ 'ထိုအရာများ' ရှိမည်ဟု ယုံကြည်လက်ခံထားကြ၏။ သို့သော်သူတို့၏ ယုံကြည်မှုကို အဘယ်ကြောင့်သေချာသနည်းဟု မေးသောအခါ မည်သည့်အရာကိုမျှ ဂ ဃ န ဏ မသိ။

* * *

တင်အောင်လွင်

(EXODUS)



# ကျွန်ုပ်၏အသက်တာ

ကျမ်းစာကိုဖတ်၍ အတော်ကြာသောအခါ၊ ဦးကေလာသနှင့် ဆွေးနွေး၍ ဘယ်သို့တွေ့သလဲမေးသော်၊ ယေရှုခရစ်သည် အပြစ်ရှိသောပုဂ္ဂိုလ် မဟုတ်ငါအပြစ်ရှာ၍ မတွေ့၊ လူသူတော်ကောင်း တစ်ယောက်ဖြစ်သည်ဟု ပြော၏။ ကျွန်ုပ်က လူသူတော်တောင်မက၊ ဟောသည့် စာက သူဘဲလောကကိုဖန်ဆင်းတယ်၊ သူဘဲ လောကဆင်းလာ၍ လူဖြစ်တယ်၊ သူပဲဘုရားသား၊ သူဘဲဘုရား၊ သူဘဲ လမ်းသူဘဲအသက်၊ သူဘဲသမ္မာတရားနှင့် ရှုပ်လိုက်တာလွန်ရော၊ ဦးပဇင်းနားကို မလည်နိုင်ဘူးပြောပါ၏။ ထိုနေ့မှစ၍ ခရစ်ယာန်စာကိုလဲမကြည့်ဘူး၊ ကိုယ့်ပိဋကတ်နှင့် ကိုယ်ကိုစစ်၍ ရဟန်းခံလျှင် ဖြစ်နိုင်မဖြစ်နိုင် ဝိနည်းနှင့်စစ်၊ ကမ္မဝါ၌ပါသော ရဟန်းလောင်းစစ်သောကမ္မဝါစစ် နှင့်တစ်နှစ်လွန်၍ အမောင်ဦးပဉ္စင်းနှင့်ဆရာတို့ကယေရှုခရစ်ကိုရင်ဟု ခေါ်ကြ၏။

ကျွန်ုပ်အသက် ၁၉ နှစ်ရှိပြီး ရဟန်းခံရန်အသက် ၂၀၊ ဝိသတိပုဏ္ဏားပြည့်ရမည်။ ထိုအချိန်တွင် ကျွန်ုပ်ဆရာ ဦးစာရသည်လူဝတ်လဲ၍ မဆိတ်ဆိုသူနှင့်စုံဖက်၍ ချောင်းခွရွာတွင် အိမ်ဆောက်၍နေသည်။ ကျွန်ုပ်လည်း သာမဏေဘဝက ထွက်၍ နေသည်။ သို့သော်၊ ဂဏန်းသင်္ချာအတွက်များ တက်ချင်သည်နှင့် ကျွန်ုပ်၏ရွာတွင် ဦးဂတိုးတည်ထားသော သာသနာစာသင်ကျောင်းတွင် ဝင်ခွင့်တောင်း၍ သင်၏။ ထိုသို့ကျောင်းနေသော်လည်းကျောင်းဆရာကြီးကို အခွင့်တောင်းထားသည်မှာ ကျွန်တော့မှာ ကျမ်းစာသင်ခြင်း၊ သီချင်းဆိုခြင်း၊ ဆုတောင်းခြင်းတို့ကိုမပြုလို၍ အခွင့်ပေးပါဟု တောင်းရာဆရာကအခွင့် ပေးပါသည်။

ကျောင်း၌နေ့စဉ် ကျောင်းတက်တိုင်း ဘုရားဝတ်ပြုကြ၏။ လူများသီချင်းဆိုသောအခါထိုင်လျှက်၊ သူများဆုတောင်းသောအခါထိုင်လျှက်၊ တနေ့နောက်တနေ့နေလာ၍ တော်တော်ခက်ခဲ၏။ နင်ဘာဖြစ်လို့မထသလဲ၊ လူများထပါတော့လား၊ နင်ဘာဖြစ်လို့ခေါင်း မငုံ့သလဲ၊ သူများငုံ့လျှင် ငုံ့ပါတော့လားဟု စိတ်၌ ဖြစ်လာ၏။ သို့သော် ငါယုံမှမယုံဘဲ၊ ဘယ်သို့လုပ်ရမလဲဟု ဆုံးဖြတ်လိုက်၏။ သို့သော် ဆရာကြီးဦးကတိုးက ကိုရင်မှန်သော အသက်ရှင်တော်မူသောဘုရားသခင် ကျွန်တော့အား အမှန်နှင့်အမှား ပိုင်းခြားနိုင်သော ဉာဏ်ကို ပေးတော်မူပါဟု ဆုတောင်းပါ။ တောင်းသည့်အတိုင်း ရပါလိမ့်မည်ဟု ပြောသဖြင့် ဤမှစ၍ ကျွန်ုပ်သည်ဗုဒ္ဓဘုရား၊ ခရစ်ယာန်ဘုရား မခွဲခြားဘဲ မှန်သော အသက်ရှင်သောဘုရားဟု ဆုတောင်းပါ၏။ ကျွန်ုပ်ကိုယ်ခန္ဓာကိုဆက်ကပ်၍ အမှန်နှင့်အမှားကို ပိုင်းခြားနိုင်သောဉာဏ်ကို ပေးတော်မူပါဟု တောင်းသည့်အတိုင်း ရသဖြင့် ခရစ်တော်အားလုံးလုံးဆက်ကပ်ရန် သံဓိဋ္ဌာန် ချလိုက်တော့၏။သို့သော် ခရစ်ယာန်ဘဝသို့ ဘယ်သို့ဝင်ရသည်မသိ ပြောပြသူလည်းမရှိသဖြင့်၊ ကျောင်းဆရာ ဦးသို့မေးရ၏။ ခရစ်ယာန်ဘာသာဝင်လျှင် ဘယ်သို့လုပ်ရသလဲ၊ နှစ်ခြင်းမင်္ဂလာခံရသည်။ အသက်ဘယ်လောက်ရှိမှ ခံရသလဲ၊ အသက်အပိုင်းအခြားမရှိ ယုံကြည်က သူငယ်များပင်မင်္ဂလာယူနိုင်သည်။ မင်္ဂလာပေးသောအခါ လူဘယ်နှစ်ယောက်ရှိမှကံမြောက်သလဲ၊ ဘယ်နှစ်ယောက်ရှိရှိ နှစ်ခြင်းပေးသောဆရာနှင့် နှစ်ယောက်ထည်းပင်ပေးနိုင်၏။ ဘယ်မှာတောင်းရသလဲ၊ အသင်းတော်ရှိရာမှာတောင်းရသည်။ ဒါဖြင့် ကျွန်တော်နှစ်ခြင်းမင်္ဂလာလိုချင်ပါသည် ပြောတော့နောက်ဥပုသ်နေ့၌ ကျောင်းကန်သွား၍ တောင်းရန်ပြော၏။

(မှတ်ရန်၊ ဗုဒ္ဓဝါဒီမှာရဟန်းခံလျှင်အသက် ၂၀ ပြည့်ရမည်။ ကမ္မဝါဆရာ ငါးယောက်၊ ဥပဇ္ဈယ်ဆရာတယောက်၊ သိမ်–ပရိသတ် ကမ္မဝါ၊ ကမ္မဝါဆရာ၊ ဥပဇ္ဈယ်ဆရာ၊ ဤငါးပါးပြည့်စုံမှ ရဟန်းကံမြောက်သည်။)

နှစ်ခြင်းမင်္ဂလာတောင်း၍ ၁၂၅၃ ခု၊ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့၊ ဝဲကြီးချောင်း မီးရထားတံတားတောင်ဘက်လှဲဆိပ်၌ သင်းအုပ်ဆရာ ဦးညို လက်ဖြင့် နှစ်ခြင်းမင်္ဂလာခံပါသည်။ နှစ်ခြင်းမင်္ဂလာမခံမီ တပါတ်ကအရပ်၌ ကြော်ငြာ၍ ထားသဖြင့် နှစ်ခြင်းမင်္ဂလာခံသောအခါ လာ၍ကြည့်သော လူထုကားများပေသည်။ ကျွန်ုပ်ကိုယ်တိုင် တမိုင်လောက်ဝေးသော ကျောင်းကိုရောက်အောင် လက်မှမောင်းကိုတီးလျက် ငြိမ်းရာနေ့ဘုရားကိုးကွယ်မည် ဟု ဝန်ခံသောနေ့၊ ဆိုသောသီချင်းကိုဆိုလျှက်သွားပါသည်။ နှစ်ခြင်းပေး၍ ရေမှပေါ်ထစဉ်တွင် ငါသစ္စာပြုဆို ထက်ဘုံသား နားထောင်ကြားသိမှတ်သားကုန်ပါ၊ မလစ်မလပ်ငါတည်စေအံ့။ ငါ သက်ထက်ဆုံးကြိုးစားလတံ့၊ ဟူသော သီချင်းသံကြားရသဖြင့် ဘယ်မျှဝမ်းမြောက်သည်ကိုမပြောနိုင်ပါ။

နှစ်ခြင်းမင်္ဂလာခံပြီးမှ၊ မော်လမြိုင်အစိုးရ နော်မံကျောင်းသို့သွား၍ တလနေပြီးမှ စည်းကမ်းဥပဒေကို မကြိုက်၍ ပြန်လာခဲ့သည်။ ကျွန်ုပ်ခရစ်ယာန်ဖြစ်သည် ကိုရပ်သူရွာသားများက မနှစ်သက်၍ ကျွန်ုပ်ဆရာဖုန်းကြီးလူထွက် ဦးအာစာရ၊ လူအမည်ဦးရွှေဖြေအားတိုင်ကြ၏။ ဦးရွှေဖြေကခေါ်၍ မင်းယုံသောဘာသာကို သေသေချာချာနားလည်အောင် စုံစမ်းသင်ကြားပါဦး၊ နောက်မှငါ့ကိုပြောစမ်းပါဟု တိုက်တွန်း၏။ ကျွန်ုပ်ကလည်းကိုယ်ယုံသော ဘာသာကို၊ ကိုယ်သေချာ ဂဃဏဏ သိရမည်ဟုသဘောရ၍ ကျမ်းစာသင်ကျောင်းသို့ဝင်၍ သင်လေသည်။

၁၈၉၂ ခု၊ မေလ ၁၄ ရက်နေ့၊ ရန်ကုန်မြို့ အလုံရပ်သာသနာပြုဆရာ၊ ဆရာရှိုး၏ ကျမ်းစာသင်ကျောင်းသို့ ထိုနှစ် မေလ ၁ ရက်နေ့တွင်ကျောင်းဖွင့်၍ ကျွန်ုပ်အရင် မန္တလေးဆရာသာဒင်က ရောက်နှင့်သည်။ ကျမ်းစာသင်ကျောင်းကိုလာစဉ်မီးရ ထားလမ်းတလျှောက် လက်ဝဲ လက်ျာရွာတွေကို တွေ့မြင် ရသောအခါ ကျွန်ုပ်စိတ်၌ ထိခိုက်လှုပ်ရှားသည်မှာ၊ များစွာသော လူအပေါင်းတို့သည် ကယ်တင်ရှင်အကြောင်း မကြားရ၊ မသိသောသူ အလွန်များပါသည်တကား၊ ဤသူတို့အား ဘယ်သူညွှန်ကြား၍ ကယ်တင်ခြင်း တရားကိုကြားရပါအံ့နည်း။ သူတို့ဝိညာဉ်အတွက် တာဝန်သည်ဘယ်သူတို့အပေါ်၌ ကျသနည်း။ ကျောင်းဆရာလုပ်မည့်သူ၊ မြို့အုပ်၊ မြို့ချုပ်၊ စာရေးစာချီလုပ်မည့်သူကား အလွန်ပေါ၏။ အမှုတော်ဆောင်မည့်သူကား အလွန်နည်းပါသည်တကားဟု ဝမ်းနည်းမိပါ၏။ ကျွန်ုပ်၏တာဝန်ပင်ဖြစ်သည်ဟုလည်း သဘောကျပါ၏။

ကျမ်းစာကျောင်း၌ ရန်ကုန်တွင် ၂ နှစ်နေ၍ သင်ကြားစဉ်ခရစ်တော် အကြောင်း သက်သေမခံပဲမနေနိုင်သဖြင့် ကျမ်းစာကျောင်း နားအလုံရပ်ထဲ၌၄င်း၊ ကြည့်မြင်တိုင်၌၄င်း၊ ရန်ကုန်အနောက်ပိုင်း၌၄င်း၊ ဥပုသ်နေ့များတွင်ရွှေတိဂုံစေတီတော်ပေါ်၌၄င်း၊ မန်းသာဒင်၊ မောင်ဘိုးမှန်၊ မောင်ရန်ဖြေ၊ ကျွန်ုပ်တို့သည် ဟောပြောလေ့ရှိကြသည်။ ဤအချိန်တွင် တံတားရွာမှ၊ ညာဏ်ဂိုဏ်းဆရာဦးကျေး၊ ဦးဘိုး၊ ဦးရွှေယုန်၊ ဦးထာတို့လာ၍ စုံစမ်းသဖြင့်ယုံကြည်၍ မင်္ဂလာခံယူကြပါသည်။ ကျွန်ုပ်နှင့်မန်းသာဒင်၊ မန္တလေး ဆရာတော်လူထွက် ဦးပဏ္ဍိတို့သည် တံတားရွာသို့လိုက်သွား၍ အမှုတော်ဆောင်ကြပါသည်။ တတိယနှစ်တွင် ကျမ်းစာသင်ကျောင်း အင်းစိန်သို့ပြောင်း၍ ဆရာသောမတ်လက်ထက်၌ ၁၈၉၄ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်၊ ရန်ကုန်သင်းအုပ်ဆရာဦးဘိုးမင်း၊ ပဲခူးသင်းအုပ်ဆရာဦးဘိုးဆိတ်၊ မေမြို့သင်းအုပ် ဆရာဦးဘအို၊ မန္တလေးသင်းအုပ်ဆရာဦးသာဒင်၊ မော်လမြိုင်ကျွန်းအမှုဆောင်ဆရာဦးအုန်းခိုင်၊ ကျွန်ုပ်ပေါင်း ၆ ယောက်ကျောင်းမှထွက်၍ကျောင်းလွန်ကြပါသည်။

ကျမ်းစာကျောင်းမှာ၊ မိုဃ်း ၅ လသာသင်၍ အောက်တိုဘာလတွင် ကျောင်းပိတ် သောအခါ တိုင်းပြည်မြို့သို့ပြန်၍ ပြည်နယ်တွင် အမှုတော်ဆောင်ရသည်။ အမှုတော်ဆောင်ရာမှာ ဧရာဝတီမြစ်နှင့်အင်းတိုင်ကြားရွာရှိ သမ္မာအိမ်ရှိသမ္မာဘုန်းကြီးကျောင်းမကျန်၊ ဝေစာများပေး၍ တည်းခိုရာနေရာ၌ တွေ့သမျှသောသူကို ဟောပြောရ၏။ ဒုတိယနှစ်တွင် ရွှေတောင်အင်းမကြားတောင်တန်းနှင့် မီးရထားလမ်းလမ်းကြားရှိ သမ္မာရွာများကို၄င်း၊ ဒုတိယနှစ်တွင် မီးရထားလမ်းနှင့် ပဲခူးရိုးမတောင်ကြားရှိရွာများသို့၄င်း၊ သာသနာပြုဆရာနှင့်ဆရာမများပါ လှည်းနှစ်စီးနှင့်စားအိုးစားခွက်အိပ်ရာများပါ ယူဆောင်လျက်၊ တခါထွက်လျှင်အနည်းဆုံး ၂ လကြာလေသည်။ သာသနာပြုဆရာမပါလျှင် ကျွန်ုပ်ကိုယ်တိုင်ဦးဆောင်ရသည်။

*နောက်လဆက်ဖတ်ရန်*

*-ပြည်သာဒင်-*

# ဇကွဲရဲ့ ကဗျာ

ကိုယ်တော် ...
အမှားတွေ အပြည့်နဲ့
အပြစ်သား ကျွန်တော့်ကို
ခွင့်လွှတ် တယ်နော် ။

ကိုယ်တော် ...
ဝေဖန်စကားတွေကို
ပစ်ပယ်ထားပြီး
ကျွန်တော့်အိမ်ကို လာတယ်နော် ။

ကိုယ်တော် ...
ပြစ်တင် မျက်လုံးတွေကို
အပြုံးနဲ့တုန့်ပြန်ရင်း
ကျွန်တော်နဲ့အတူ ညစာ စားတယ်နော် ။

ကိုယ်တော် ...
ကိုယ်တော့်ရဲ့ ကြီးမားမေတ္တာကြောင့်
အကြီးစားဓားပြ ကျွန်တော့်ခမျာ
တွေ့ရှိခဲ့ပြီ အကြင်နာ ။

ကိုယ်တော် ...
ကိုယ်တော့်ရဲ့ သွေးသွန်းမေတ္တာကြောင့်
ကင်းလွတ်ခဲ့ပြီ အပြစ်နာဆာ
ယခု ... ကျွန်တော့်နှလုံးသားမှာ
ဖြူစင်ခြင်းလက္ခဏာ တွေနဲ့ပါ ။

စတုံး